January 2025

# GROUP HSE DEPARTMENT
# NEWSLETTER

မှီငြမ်းကိုးကား -
(Four Proven Methods to Build a Successful Workplace Safety Training Program
by Abbie Geigle)





## WORKPLACE SAFETY TRAINING PROGRAM ကောင်း ဖြစ်စေရေး နည်းလမ်း (၄)ဆင့်

လုပ်ငန်းခွင်အန္တရာယ်ကင်းရေးအတွက် လုပ်ဆောင်ရာတွင် အန္တရာယ်ကို ကျွမ်းကျင်လိမ္မာစွာ ကာကွယ်တတ်ခြင်းသည် ရှေ့တန်းရောက်ရောက်လာသည့်ကိစ္စဖြစ်သည်။ ထိုကိစ္စသည် လုပ်ငန်းဦးစီးသူများအဖို့ ထင်သလောက် မလွယ်ကူဘဲ အမြဲတမ်း ခေါင်းခဲစရာကိစ္စတစ်ခုအဖြစ် ရှိနေဆဲဖြစ်သည်။သို့ရာတွင် လိုလျှင်ကြံဆနည်းလမ်းရဆိုသကဲ့သို့ သင့်လျော်သော နည်းနာများကို တင်ပြလိုက်ရပါသည်။



### ၁။ အန္တရာယ်ဖြစ်လာနိုင်ဖွယ်များကို ဖော်ထုတ်သုံးသပ်ခြင်း

- ရာသီဥတု၊ အလင်းရောင်၊ အပူချိန်၊ ဆူညံသံ၊ နေရာထိုင်ခင်း အစရှိသည့် လုပ်ငန်းခွင်အနေအထား
- လောင်စာဆီ၊ ဓာတုဆေး၊ သံချွန်သံပြား၊ ဘိလပ်မြေမှုန့်၊ ဓာတ်ငွေ့ အစရှိသည့် လုပ်ငန်းသုံးပစ္စည်းများ
- တူ၊ လွှ၊ ဖြတ်စက်၊ ဖောက်စက်၊ ဂဟေစက်၊ ယာဉ်၊ ယန္တရား အစရှိသည့် လုပ်ငန်းသုံးကိရိယာများ

လုပ်သားများ၏ လုပ်ငန်းဆောင်တာများသည် အထက်ဖော်ပြပါ အကြောင်းခြင်းရာများနှင့် ဆက်စပ်ပတ်သက်ရတတ်ပြီး အန္တရာယ်သည်လည်း လုပ်သားများထံသို့ ထိုလမ်းကြောင်းများမှ ရောက်လာတတ်သည်။

### ၂။ တိကျရှင်းလင်းပြည့်စုံသော လုပ်ငန်းဆောင်ရွက်ပုံအစီအစဉ် SOP ဖော်ဆောင်ပေးခြင်း

လုပ်ငန်းခွင်အနေအထား၊ လုပ်ငန်းသုံးပစ္စည်း၊ လုပ်ငန်းသုံးကိရိယာအလိုက် ဆက်စပ်နေသည့် အန္တရာယ်များကို ခြုံငုံဆက်စပ်သုံးသပ်ပြီးရာတွင် ထိုအန္တရာယ်များ မကျရောက်လာစေရန် မည်သို့မည်ပုံ လုပ်ကိုင်ဆောင်ရွက်ရမည်ကို နည်းလမ်းမှန်ကန်သည့် လုပ်ငန်းအစီအစဉ် (Standard Operating Procedure, SOP) ကို စနစ်တကျ ဖော်ဆောင်ပေးထားရမည်ဖြစ်သည်။

### ၃။ လုပ်ငန်းအစီအစဉ် (SOP) အတိုင်း လုပ်ကိုင်ဆောင်ရွက်နိုင်အောင် သင်တန်းပေးခြင်း

လုပ်ငန်းအစီအစဉ် (SOP) ထွက်ရှိလာသည့်အခါ သူ့အတိုင်းရေးသားဖော်ပြထားရုံနှင့် လုပ်သားတို့ဖတ်ရှုနားလည်လိမ့်မည်မဟုတ်။ တချို့လုပ်ငန်းများသည် လက်တွေ့လုပ်ပြမှ အမှန်တကယ် တတ်မြောက်နိုင်လိမ့်မည်။ အခြားသောကိစ္စရပ်များတွင် အမှားများမှ သင်ခန်းစာယူရင်း တတ်မြောက်လာနိုင်သော်လည်း အလွန်မြင့်မားသော အန္တရာယ်နှင့်ရင်းရသော ကိစ္စရပ်များတွင် ၁၀၀ % အမှားကင်းရန် ကြိုးပမ်းရမည်။



### ၄။ စွမ်းရည်မြှင့်သင်တန်း (Training Program) ကို ကောင်းမွန်အောင် အစဉ်အမြဲလုပ်ဆောင်ခြင်း

လုပ်သားတို့၏ အန္တရာယ်ကာကွယ်ရေး စွမ်းရည်မြှင့်မွမ်းမံခြင်း Training, Safety Toolbox Talk များသည် စဉ်ဆက်မပြတ် ပြည့်စုံကောင်းမွန်နေရမည်ဖြစ်၍ လုပ်သားတို့ အမှန်တကယ် တတ်မြောက်ခြင်း ရှိ/မရှိ၊ တတ်မြောက်မှုလုံလောက်/မလုံလောက် ပုံမှန်စောင့်ကြည့်အကဲဖြတ် (Assessment) လုပ်၍ အမြဲမပြတ်တိုးတက်အောင် ဆောင်ရွက်နေရမည်။

အချုပ်ဆိုရသော်..
လုပ်ငန်းခွင်တွင် အန္တရာယ်များဖော်ထုတ်ခြင်း၊ ကာကွယ်နည်းများချမှတ်ခြင်း၊ သင်တန်းပေး၍ နားလည်တတ်ကျွမ်းစေခြင်း၊ နားလည်တတ်ကျွမ်းမှုကို အစဉ်ထိရောက်အောင် မွမ်းမံနေခြင်းတို့ဖြင့် အဆင့်ဆင့် ဆောင်ရွက်နိုင်လျှင် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး များစွာအားကောင်းသန်စွမ်းလာမည်တည်း။